# အချက်အလက် စာရွက် 3- မဲပေးခြင်း အကြောင်း (ပြည်နယ် ရွေးကောက်ပွဲ)

အနောက် သြစတြေးလျပြည်နယ်တွင် ပါလီမန်၌ လွှတ်တော် နှစ်ရပ်ရှိပါသည်။

အောက်လွှတ်တော်ကို ဥပဒေပြုလွှတ်တော် [Legislative Assembly] ဟုခေါ်သည်။ ၄င်းကို အမတ် 59 ဦးဖြင့် ဖွဲ့စည်းထားသည်။

အမတ် တစ်ဦးစီကို မဲဆန္ဒနယ် ခရိုင် 59 နယ်မြေမှ တစ်ဦးစီ ကိုယ်စားပြုရန် ရွေးချယ်သည်။

အထက်လွှတ်တော်ကို ဥပဒေပြု ကောင်စီ [Legislative Council] ဟုခေါ်သည်။

၄င်းတွင် အမတ် 36 ဦးရှိသည်၊ မဲဆန္ဒနယ် ဒေသ ခြောက်ခုမှ ခြောက်ဦးစီဖြင့် ဖွဲ့စည်းထားပါသည်။

သင်သည် သင် နေထိုင်သည့် ခရိုင် သို့မဟုတ် ဒေသကို ကိုယ်စားပြုရန် သင် အလိုရှိသည့် ကိုယ်စားလှယ်များကို မဲပေးရပါသည်။ အနိုင်ရသူများမှာ သင်၏ ရွေးချယ်ခံရသော အမတ်များဖြစ်လာကြပါသည်။

အထွေထွေ ရွေးကောက်ပွဲ တစ်ခု၌ အောက်ပါတို့တွင် သင့်ကို ကိုယ်စားပြုရန် သင် လိုလားသူအတွက် မဲပေးခိုင်းပါလိမ့်မည်-

- သင့် ဥပဒေပြု လွှတ်တော် ခရိုင်
- သင့် ဥပဒေပြု ကောင်စီ ဒေသ

မဲပေးရန် သင့်အား မဲပြား နှစ်ပြား ပေးပါလိမ့်မည်။

အဖြူရောင် ခပ်ငယ်ငယ် မဲပြားမှာ ဥပဒေပြုလွှတ်တော် (သင့် ခရိုင်) အတွက် ဖြစ်သည်။

ညွှန်ကြားချက်များကို ဂရုတစိုက် ဖတ်ရှုပါ။

နံပါတ်များကိုသာ ရေးပါ။

နံပါတ် '1' နံပါတ်မှ လေးထောင့်ကွက်အားလုံးကို သင့် အကြိုက် အစဉ်အတိုင်း စတင်ပါ။

အရောင်ဖြင့် ခပ်ကြီးကြီး မဲပြားမှာ ဥပဒေပြု ကောင်စီ (သင့် ဒေသ) အတွက် ဖြစ်ပါသည်။

ညွှန်ကြားချက်များကို ဂရုတစိုက် ဖတ်ရှုပါ။

နံပါတ်များကိုသာ ရေးပါ။

သင့်တွင် သင့် မဲပြားကို အမှတ်အသားလုပ်ရန် အတွက် ရွေးချယ်ရန် နည်းနှစ်မျိုးရှိပါသည်။

သင်သည် မျဉ်းကြောင်းအပေါ်ရှိ သင့်အကြိုက် ပါတီ သို့မဟုတ် အုပ်စု နဖေးရှိ လေးထောင့်ကွက်လပ်တွင် နံပါတ် '1' ရေးနိုင်သည်

သို့မဟုတ်

သင်သည် မျဉ်းကြောင်းအောက်ရှိ လေးထောင့်ကွက်လပ် အားလုံးတွင် သင့်အကြိုက်ကို အစဉ်အတိုင်း နံပါတ်တပ်နိုင်သည်။

သင်သည် မဲရုံ ဝန်ထမ်းကို အချိန်မရွေး သင့်အား ကူညီပေးရန် တောင်းဆိုနိုင်ပါသည်။

## ကိုယ်စားလှယ် တစ်ဦး ဖြစ်လာခြင်း

ကိုယ်စားလှယ်တစ်ဦး ဖြစ်လာရန် သင်သည် မဲပေးရန် မှတ်ပုံတင်ရမည်။

မည်ကဲ့သို့ မှတ်ပုံတင်ရမည်နှင့်ပတ်သက်၍ ပိုမိုသော အချက်အလက်များ အတွက်  'မဲပေးရန်မှတ်ပုံတင်ခြင်း အကြောင်း' ကိုကြည့်ပါ။

အဆိုပြုရန် သင် လိုအပ်မည်မှာ-

- အဆိုပြု ပုံစံ တစ်စောင်ကို ဖြည့်စွက်ပါ
- တောင်းခံထားသည့် အချက်အလက် အားလုံးကို ပေးအပ်ပါ
- အပ်နှံရမည့်ငွေကို ပေးပါ။

အပ်နှံရမည့်ငွေ ပမာဏမှာ သင်သည် ပြည်နယ်၊ ပြည်ထောင်စု သို့မဟုတ် ဒေသခံ အစိုးရ ရွေးကောက်ပွဲ အတွက် အဆိုပြုသည့်အပေါ် မူတည်၍ ကွဲပြားခြားနားပါသည်။

သင်သည် သင့်ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် နိုင်ငံရေး ပါတီ သို့မဟုတ် အုပ်စု၏ အဖွဲ့ဝင် တစ်ဦးအဖြစ် ဖြစ်စေ အဆိုပြုနိုင်သည်။

ပိုမိုသော အချက်အလက်များ အတွက် www.elections.wa.gov.au တွင် ကြည့်ရှုပါ သို့မဟုတ် ဖုန်း 13 63 06 ခေါ်ပါ သို့မဟုတ် အခြားပြည်နယ်မှဖုန်းခေါ်သူ အတွက် ဖုန်း (08) 9214 0400 ကိုခေါ်ပါ။